# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 3, 2026 — Volume 103 , Number 3


၃.၇.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၅.၅၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၇.၇၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၇.၆၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၈.၅၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၃၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ-လာအို သမ္မတနှစ်ဦးရှေ့မှောက်တွင် ပူးပေါင်းဆောင်ရွက်ရေး MoU များ လဲလှယ်၊ အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်လည်း လက်မှတ်ရေးထိုး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံသမ္မတ မစ္စတာ သောင်လွန် ဆီဆိုလစ်တို့သည် ယနေ့ ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ လာအိုနိုင်ငံ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သမ္မတနှစ်ဦး၏ ရှေ့မှောက်တွင် မြန်မာနှင့်လာအို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) များကို လဲလှယ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီး (၂) ဦးနှင့် လာအိုနိုင်ငံအစိုးရဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (Tourism MoU) နှင့် ညီအစ်မမြို့တော် (Sister City) ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (Sister City MoU) တို့ကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ထို့ပြင် မြန်မာ-လာအို နှစ်နိုင်ငံအကြား အာကာသနည်းပညာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကိုလည်း သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းသဘောတူညီချက်များသည် မြန်မာ-လာအို နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း၊ ဒေသန္တရပူးပေါင်းဆောင်ရွက်မှုနှင့် သိပ္ပံနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ရေနံ နည်းစနစ်ကျတွင်းတူးဖော်ထုတ်လုပ်ရေး သဘောတူစာချုပ် ချုပ်ဆို**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတွေအကြား ရေနံနည်းစနစ်ကျတွင်း တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြတယ်လို့ လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီး ဌာနက သိရပါတယ်။ အဲဒီသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဇွန်လ ၃၀ ရက်က နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှာ ကျင်းပခဲ့တာပါ။

အရင်က ခွင့်ပြုပေးထားခဲ့တဲ့ ရေနံလက်ယက်တွင်း တူးဖော်တဲ့လုပ်ငန်းတွေကို ရပ်ဆိုင်းခဲ့ပြီး လက်ရှိမှာ နိုင်ငံတော်ပိုင် ရေနံသယံဇာတတွေကို လေလွင့်ဆုံးရှုံးမှုနည်းပါးစွာနဲ့ ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ ပြည်တွင်း ရေနံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အပြင် ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ ကိုယ်ပိုင်ငွေကြေး အရင်းအနှီးတွေကို ကုန်ထုတ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံစေဖို့ ရည်ရွယ်ကာ ရေနံနည်းစနစ်ကျတွင်း တူးဖော်ထုတ်လုပ်နိုင်ဖို့အတွက် တင်ပြလာတဲ့ကုမ္ပဏီတွေကို စနစ်တကျ စိစစ်ကာ လုပ်ငန်းလုပ်ကိုင်ခွင့်တွေ ခွင့်ပြုပေးသွားမှာဖြစ်တယ်လို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ပြောပါတယ်။

ဒါ့ပြင် ထွက်ရှိလာမဲ့ ရေနံစိမ်းတွေကို စနစ်တကျသန့်စင်ပြီး နိုင်ငံပိုင် ရေနံချက်စက်ရုံတွေဆီ ပို့ဆောင်ချက်လုပ်သွားမှာ ဖြစ်တဲ့အတွက် နိုင်ငံရဲ့စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ အခု သဘောတူစာချုပ် ချုပ်ဆိုလိုက်တဲ့ ကုမ္ပဏီတွေအနေနဲ့လည်း နိုင်ငံနဲ့ပြည်သူအတွက် အကျိုးရှိစေမဲ့ ရေနံတွင်းတွေကို စနစ်တကျ တူးဖော်ထုတ်လုပ်ကြဖို့လိုအပ်ပြီး ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မိမိတို့ လုပ်ကိုင်ဆောင်ရွက်မဲ့ ဒေသတွင်းဖွံ့ဖြိုးတိုးတက်အောင် အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ လိုအပ်သလို နည်းစနစ်ကျ တွင်းတူးဖော်ခြင်းလုပ်ငန်းတွေကတစ်ဆင့် နိုင်ငံတကာနဲ့ယှဉ်ပြိုင်လုပ်ကိုင်နိုင်တဲ့ ရေနံလုပ်ငန်းရှင်တွေအဖြစ် တိုးတက် လုပ်ဆောင်ရမှာဖြစ်တယ်လို့ ပြည်ထောင်စုဝန်ကြီးကပြောပါတယ်။ အဲဒီနောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ရာမှာ လိုက်နာရမဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို ရှင်းလင်းပြီး လုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လုပ်ငန်းဆောင်ရွက်မဲ့ကုမ္ပဏီတွေနဲ့ လက်မှတ်ရေးထိုးကာ စာချုပ်တွေ အပြန်အလှန် လဲလှယ်ခဲ့ကြတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/business/trade

## ဧည့်မထဆန်(မနောသုခ)ဟောင်း၊ဧည့်မထဆန်(မနောသုခ)သစ်နှင့်ဆန်ကွဲB(1,2)တို့ဈေးတက်ပြီး ပေါ်ဆန်းမွှေး(ဟောင်း)၊ ပေါ်ဆန်းမွှေး (သစ်)၊ ဆန်ကွဲ B(2,3,4) နှင့် ဖွဲနုတို့မှာ ဈေးငြိမ်လျက်ရှိ

လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများပေါ်မူတည်၍ ဆန်၊ ဆန်ကွဲနှင့် ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၆.၆.၂၀၂၆)ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း) တစ်အိတ် ၇၅,၀၀၀ကျပ်၊ ဧည့်မထဆန်(သစ်) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်း ကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး ၁,၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၂,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

(၃.၇.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(ဟောင်း)တစ်အိတ် ၈၀,၀၀၀ကျပ်၊ ညှော်မထဆန်(သစ်)တစ်အိတ် ၇,၅၀,၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(ဟောင်း) တစ်အိတ် ၅၀၀၀ကျပ်၊ ညှော်မထဆန်(သစ်) တစ်အိတ် ၅၀၀၀ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၃၀,၀၀ကျပ် တို့စျေးတက်ပြီး၊ ပေါ်ဆန်းမွှေး (ဟောင်း)၊ ပေါ်ဆန်းမွှေး(သစ်)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုစျေးနှုန်းတို့မှာ စျေးတည်ငြိမ်လျက်ရှိသည်။ ညှော်မထဆန်(မနေသုခ)ဟောင်းနှင့် ညှော်မထဆန်(မနေသုခ)သစ်နှင့် ဆန်ကွဲB(1,2)တို့ တို့စျေးတက်ရခြင်းမှာဝယ်လိုအားများခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## စင်ကာပူနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း ဒေသတွင်း၌ နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှု ပိုမိုကောင်းမွန်စေရန် ဉာဏ်ရည်တု (AI) ကို တွန်းအားပေးဆောင်ရွက်မည်

ဒေသတွင်းနိုင်ငံများ၏ အစိုးရများက နည်းပညာယှဉ်ပြိုင်မှုများ ပိုမိုအားကောင်းလာသည်နှင့်အညီ စင်ကာပူနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ၂၀၂၇ ခုနှစ်တွင် အရှေ့တောင်အာရှဒေသတွင်း ဉာဏ်ရည်တု(AI)ကိုအသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးနိုင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Strait Times သတင်းစာတွင် ဖော်ပြပါရှိသည်။

စင်ကာပူနိုင်ငံ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး Josephine Teo က အသေးစား၊ အလတ်စားနှင့်အငယ်စား စီးပွားရေးလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော အလုပ်သမားများ၏ AI အသုံးပြုခြင်းကို အားပေးရန်အတွက် လက်ရှိအာဆီယံဥက္ကဋ္ဌဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံကို လိုအပ်သည်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၁၇-၆-၂၀၂၆ ရက်နေ့တွင် ဂျကာတာမြို့၌ ကျင်းပပြုလုပ်သော အာရှဒေသစီးပွားရေးထိပ်သီးအစည်းအဝေး(Asia Economic Summit)တွင်ပြောကြားခဲ့သည်။ ထို့ပြင် AI ၏ သက်ရောက်မှုများ၊ ဂေဟစနစ်၊ ဒေတာသိမ်းဆည်းသည့်စနစ်များ စသည်တို့ကို စီမံခန့်ခွဲသည့်နည်းလမ်းများကို ကောင်းစွာသိရှိနားလည်ရန်နှင့် နည်းပညာဆိုင်ရာမိတ်ဖက်များနှင့်ပူးပေါင်း၍ AI ကို အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

အာဆီယံသည် AI ဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အချာကျသော ဒေသတစ်ခုဖြစ်သည့်အတွက် စင်ကာပူနိုင်ငံအစိုးရသည် AI အသုံးပြု၍ ၎င်း၏လုပ်ငန်းအစီအမံများ ပြင်ဆင်ဆောင်ရွက်ခြင်းအပါအဝင် ဒီဂျစ်တယ်အရင်းအမြစ်များနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အရှေ့တောင်အာရှဒေသသည် ကမ္ဘာ့ဒီဂျစ်တယ်စျေးကွက်တွင် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သည့် ဒေသတစ်ခုဖြစ်ပြီး ဒီဂျစ်တယ်စျေးကွက်ပမာဏအားဖြင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ (စင်ကာပူဒေါ်လာ ၃၈၅ ဘီလီယံ) အထိရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရေအောက်ဆက်သွယ်ရေးကြိုးလိုင်းများ ပိုမိုချဲ့ထွင်လာသည်နှင့်အမျှ ၂၀၂၅ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်အကြား ဒေတာစင်တာ၏ ဒေသတွင်း လုပ်ဆောင်နိုင်အားသည်လည်း ၃ ဆတိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အခြေခံအဆောက်အအုံဟုဆိုရာ၌ ကေဘယ်ကြိုးများနှင့် ကွန်ပျူတာအသုံးပြုသည့် စွမ်းအောင်နိုင်ရည်သာမက Software နှင့်မူဝါဒရေးရာမူဘောင်များလည်းပါဝင်ကြောင်း၊ အာရှဘာသာစကားများကို လွယ်ကူစွာလေ့လာနိုင်သော SEA-LION ကဲ့သို့ကွန်ရက်များကို အသုံးပြုသည့် အကြိမ်အရေအတွက်မှာ ၂,၀၀,၀၀၀ ကျော်ရှိခဲ့ပြီး AI အသုံးပြုသည့် Application များ ဒေသတွင်း၌ တည်ဆောက်ရန်အတွက် ကုမ္ပဏီများက ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

နိုင်ငံပေါင်းများစွာ၌ စီးပွားရေးလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများသည် ၎င်းတို့၏ ဝယ်ယူသုံးစွဲသူများနှင့် ထောက်ပံ့မှုကွင်းဆက်များကို လေ့လာသုံးသပ်ပြီး AI အသုံးပြုသည့် အစီအမံများကို ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ ဂျကာတာမြို့၊ ဘန်ဒေါင်းမြို့နှင့်ဗန်ကောက်မြို့များရှိ အသေးစားကုမ္ပဏီများကိုလည်း အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသင့်ကြောင်း၊ နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှုအားကောင်းလာစေရန်နှင့် ဒီဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြင်ဆင်ရေးဆွဲထားသည့် အာဆီယံ၏ဒီဂျစ်တယ်စီးပွား ရေးမူဘောင်သဘောတူညီချက်(Digital Economy Framework Agreement – DEFA)ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံ၏ ကွဲပြားခြားနားသော စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များကြောင့် နည်းပညာကုမ္ပဏီများသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြပါရှိသည်။

အာဆီယံသည် ဒေသတွင်းချိတ်ဆက်မှုအားကောင်းသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် AI နည်းပညာဖြင့် စီးပွားရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ ချိတ်ဆက်ဆောင်ရွက်နိုင်ပါက ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေပြီး ဒေသတွင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် အခွင့်အလမ်းများရရှိလာနိုင်သည်။

**ရင်းမြစ်။ The Straits Times သတင်းစာ**

**(ဧသေနီ၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် စိုက်ပျိုးရေးဆိုင်ရာ အပြန်အလှန်ကုန်သွယ်ရေး အဆင်ပြေချောမွေ့ရန် ဆန္ဒရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောကြား




တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းနှစ်သွယ် ကုန်သွယ်ရေးအတွက် ကောင်းမွန်သော အခြေအနေများ ဖန်တီးရေး လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၂ ရက်၌ ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုသည် တရုတ်-အမေရိကန် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဟယ်ရာ့တုန်းက တရုတ်နိုင်ငံအနေဖြင့် အမေရိကန်စိုက်ပျိုးရေး ထုတ်ကုန်များအပေါ် စည်းကြပ်ခွန်ကောက်ခံခြင်းကို ဖျက်သိမ်း သို့မဟုတ် လျှော့ချပေးရန် ရှိမရှိနှင့်စပ်လျဉ်းသည့် မေးမြန်းချက်အား ပြန်လည်ဖြေကြားရာ၌ ပြောကြားခဲ့သည်။

မကြာသေးမီက စီးပွားရေးနှင့်ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှုများပြီးနောက် နှစ်ဖက်စလုံးက စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းနှစ်သွယ် ကုန်သွယ်မှုကျယ်ပြန့်လာစေရေးအတွက် လမ်းညွှန်ရည်မှန်းချက်များသတ်မှတ်ခဲ့ပြီး အပြန်အလှန်စည်းကြပ်ခွန်-လျှော့ချရေး မူဘောင်အောက်ရှိ အစီအစဉ်များတွင် သက်ဆိုင်ရာ စိုက်ပျိုးရေးထုတ်ကုန်များကို ထည့်သွင်းရန်မှုအားဖြင့် သဘောတူခဲ့ကြကြောင်း ဟယ်က ပြောကြားခဲ့သည်။

ကုမ္ပဏီများကမူ ကုန်သွယ်မှုကို ဈေးကွက်မူဝါဒများနှင့်အညီ၊ အမှန်တကယ်ဝယ်လိုအားနှင့် ဈေးကွက်အခြေအနေများအပေါ် အခြေခံ၍ လွတ်လပ်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ပြောရေးဆိုခွင့်ရှိသူက ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: https: Xinhuamyanmar.com**

## ယခုနှစ် ဒုတိယနှစ်ဝက်တွင် ရွှေဈေးနှုန်းအလားအလာ တည်ငြိမ်လာနိုင်ဖွယ်ရှိဟု ကမ္ဘာ့ရွှေကောင်စီ ဖော်ပြ




လန်ဒန်မြို့တွင် ရုံးချုပ်တည်ရှိသည့် ကမ္ဘာ့ရွှေကောင်စီသည် ဇူလိုင်လ ၁ ရက်တွင် "ကမ္ဘာ့ရွှေဈေးကွက်၏ နှစ်ဝက်ကာလ ရှုမြင်သုံးသပ်ချက်"အစီရင်ခံစာကိုထုတ်ပြန်ခဲ့ရာ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့သော်လည်း ရွှေသည် လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ပိုင်ဆိုင်မှုများအနက် တစ်ခုအပါအဝင် အဖြစ်ရှိနေကြောင်း ဖော်ပြထားသည်။

ယခုနှစ် ဒုတိယနှစ်ဝက်တွင်မူ ရွှေဈေးနှုန်းသည် တည်ငြိမ်လာမည်ဖြစ်ပြီး ကမ္ဘာ့မက်ခရိုစီးပွားရေး အခြေအနေကို ဖော်ပြသည့် စံအညွှန်းကိန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလတွင် ရွှေဈေးနှုန်းသည် သမိုင်းဝင်အမြင့်ဆုံးတန်ဖိုးကို ၁၂ ကြိမ်အထိ ရောက်ရှိခဲ့ရာ လန်ဒန်ရွှေနှင့်ငွေဈေးကွက်အသင်း (LBMA) ၏ ရွှေဈေးနှုန်းသည် အချိန်အတိုင်းအတာတစ်ခုအတွင်း စံချိန်တင်ဈေးနှုန်းဖြစ်သော တစ်အောင်စလျှင် ကန်ဒေါ်လာ ၅,၄၀၅ ဒေါ်လာအထိ ရောက်ရှိခဲ့ပြီး ဇွန်လတွင်မူ ရွှေဈေးနှုန်းသည် များစွာပြန်လည်ကျဆင်းခဲ့ရာ တစ်အောင်စလျှင် ကန်ဒေါ်လာ ၄,၀၀၂ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်း၊ လက်ရှိအချိန်အထိ ရွှေဈေးနှုန်းသည် နှစ်ဆန်းပိုင်းနှင့်နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ရွှေဈေးကို တွန်းအားပေးခဲ့သည့် အဓိကအကြောင်းရင်းများမှာ ပထဝီနိုင်ငံရေးဆိုင်ရာ အန္တရာယ်များ မြင့်တက်လာခြင်းဖြစ်ပြီး ၎င်းတို့အနက် အရှေ့အလယ်ပိုင်းဒေသရှိ စစ်ရေးပဋိပက္ခများ၏ သက်ရောက်မှုမှာ ပိုမိုသိသာထင်ရှားကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများ၏ ပိုင်ဆိုင်မှုကဏ္ဍာ ချိန်ညှိခြင်းနှင့်အမြတ်ရယူခြင်း လုပ်ဆောင်ချက်များကလည်း ရွှေဈေးနှုန်းအပေါ် သိသာထင်ရှားစွာ ရိုက်ခတ်မှုရှိကြောင်း အစီရင်ခံစာက ယူဆထားသည်။

လက်ရှိဈေးနှုန်းအနေအထားကို ကြည့်မည်ဆိုလျှင်ရွှေဈေးနှုန်းသည် ဈေးကွက်၏အမြင်နှင့် အခြေခံအားဖြင့်ကိုက်ညီနေကြောင်း၊ ဈေးကွက်အနေဖြင့် အမေရိကန်ဗဟိုဘဏ်သည် ၂၀၂၆ ခုနှစ်အတွင်း အတိုးနှုန်းကို အနည်းဆုံး တစ်ကြိမ်တိုးမြှင့်လိမ့်မည်ဟုလည်းကောင်း၊ ဗြိတိန်၊ ဂျပန်နှင့်ဥရောပဗဟိုဘဏ်များကလည်း ငွေကြေးဆိုင်ရာ မူဝါဒများကို ပိုမိုတင်းကျပ်လာမည်ဟုလည်းကောင်း၊ အမေရိကန်နိုင်ငံ၏ ဒုတိယသုံးလပတ်ငွေကြေးဖောင်းပွမှုနှုန်းသည် အမြင့်ဆုံးသို့ ရောက်ရှိလိမ့်မည်ဟုလည်းကောင်း ခန့်မှန်းထားကြောင်း၊ အကယ်၍ အဆိုပါခန့်မှန်းချက်များ အကြီးအကျယ်ပြောင်းလဲခြင်း မရှိပါက ရွှေဈေးသည် ယခုနှစ်အတွင်း တစ်အောင်စလျှင် ကန်ဒေါ်လာ ၄,၁၀၀ ဝန်းကျင်တွင် လှုပ်ရှားနေမည်ဖြစ်ပြီး ±၅ ရာခိုင်နှုန်းခန့် အတက်အကျရှိနိုင်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

ပထဝီနိုင်ငံရေးအခြေအနေ သို့မဟုတ် စီးပွားရေးအခြေအနေများ ဆိုးရွားလာပါက သို့မဟုတ် အတိုးနှုန်းနှင့်ပတ်သက်သည့် ခန့်မှန်းချက်များ ပြောင်းလဲသွားပါက ရွှေဈေးနှုန်းသည် ပြန်လည်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း၊ သို့သော်ကမ္ဘာ့စီးပွားရေး နှေးကွေးနေသည့် အချက်ပြမှုများ လုံလောက်စွာ ပြင်းထန်မှသာ ရွှေဈေးနှုန်းသည် လက်ရှိ အတက်အကျဖြစ်နေသည့် အတိုင်းအတာကို ကျော်လွန်၍ မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာက သုံးသပ်ထားသည်။

အမေရိကန်ဒေါ်လာ အားကောင်းလာခြင်း၊ အဓိက စီးပွားရေးအစုအဖွဲ့များ၏ အတိုးနှုန်းတိုးမြှင့်မှုသည် ခန့်မှန်းထားသည်ထက် ပိုမိုများပြားလာခြင်းနှင့် ဈေးကွက်၏အန္တရာယ်စွန့်စားလိုမှု ပြန်လည်မြင့်တက်လာခြင်းတို့သည် ရွှေဈေးနှုန်းအတွက် အဓိက အဟန့်အတားများဖြစ်နေကြောင်း၊ သမိုင်းကြောင်းဖော်ပြချက်များအရဆိုလျှင် ရွှေဈေးနှုန်းသည် လက်ရှိအဆင့် ၁၀

ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါက ဒေသအသီးသီးရှိ ရေရှည်ရင်းနှီးမြှုပ်နှံသူများ၏ "စျေးကျချိန်တွင် ဝယ်ယူထားခြင်း" ဝယ်လိုအားကို လှုံ့ဆော်ပေးနိုင်သည့်အတွက် နောက်ထပ်ဆက်လက်ကျဆင်းနိုင်မည့် အလားအလာမှာ အကန့်အသတ်ရှိကြောင်း သိရသည်။

**Source: https: Xinhuamyanmar.com**

## STOCK EXCHANGE (3.7.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jul. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,059 (Shares) | 65,812,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 2,018 | 36,324,000 | 33,109,694 | 595,975 |
| MTSH | 00002 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,700 | 1,870 | 16,436,000 | 38,929,150 | 342,577 |
| MCB | 00003 | 13,500 | +0 | +0.00% | 15,000 | 15,000 | 13,500 | 18 | 248,500 | 10,400,986 | 140,413 |
| FPB | 00004 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 439 | 3,160,800 | 31,144,738 | 224,242 |
| TMH | 00005 | 3,800 | -150 | -3.80% | 4,000 | 4,000 | 3,800 | 146 | 573,000 | 12,823,224 | 48,728 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,050 | 2,050 | 2,000 | 1,622 | 3,244,750 | 19,977,223 | 39,955 |
| AMATA | 00007 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 106 | 421,000 | 10,497,598 | 41,466 |
| MAEX | 00008 | 6,500 | +0 | +0.00% | 6,500 | 6,500 | 6,400 | 840 | 5,404,200 | 23,804,946 | 154,732 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 3rd Jul. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 837.21 | -1.29 | -0.15% | 847.59 | 847.59 | 837.21 | 7,059 | 65,812,250 | 8 | 1,588,088 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Jul. 2026

| Trading Volume | Trading Value |
|---|---|
| 7,543 (Shares) | 71,371,950 (MMK) |

### Main Board

As of 1:00 pm, 3rd Jul. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,059 (Shares) | 65,812,250 (MMK) |

| MYANPIX | 837.21 ▼ 1.29 |
|---|---|
| Total Volume (shares) | 7,059 |
| Total Value (MMK) | 66 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,588,088 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▲ 0 |
| MTSH | 00002 | 8,800 | ▲ 0 |
| MCB | 00003 | 13,500 | ▲ 0 |
| FPB | 00004 | 7,200 | ▲ 0 |
| TMH | 00005 | 3,800 | ▼ 150 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 6,500 | ▲ 0 |